# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်ဈေးကွက်သတင်းလွှာ

November 27 , 2025 — Volume 96 , Number 17


၂၇-၁၁-၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၃၃.၆၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၁၇.၈၇ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၇၅.၄၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၆၉.၈၃ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၆.၅၄ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၅၁ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၃.၆၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၀၈.၂၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၅.၁၆ ကျပ် |


### CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## လာမည့်ဘဏ္ဍာနှစ်တွင် နေကြာကေ ၆ သိန်းခွဲကျော် တိုးချဲ့စိုက်ပျိုးမည်



နေကြာသီးနှံကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ဧက(၆)သိန်းခွဲကျော် တိုးချဲ့စိုက်ပျိုးမည်ဖြစ်ကြောင်း စိုက်ပျိုး ရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနထံက သိရသည်။

ပြည်ပတင်ပို့မှုနည်းပြီး ဆီထွက်ရှိမှုမြင့်မားသည့် နေကြာသီးနှံကို လာမည့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ၆၅၉,၃၇၈ ဧက တိုးချဲ့စိုက်ပျိုးရန် လျာထားချက်ရေးဆွဲထားကြောင်းသိရသည်။

"အစေ့အဆန်ကို ပြည်ပတင်ပို့မှုနည်းပါးပြီး တစ်တင်းဆီထွက်ရှိမှုမြင့်မားတဲ့၊ ကျန်းမာရေးအတွက် သင့်တော်တဲ့ စားသုံးဆီကိုထုတ်လုပ်ပေးနိုင်တဲ့ နေကြာသီးနှံတစ်မျိုးတည်းကိုပဲ လာမဲ့ ၂၀၂၆-၂၀၂၇ ခုနှစ်မှာ ၆၅၉,၃၇၈ဧက တိုးချဲ့စိုက်ပျိုးဖို့ လျာထားချက်ရေးဆွဲထားပါတယ်။

တိုးချဲ့စိုက်ပျိုးခြင်းကို နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရန်ကုန်နှင့် ဧရာဝတီတိုင်းဒေသကြီးတွေမှာရှိတဲ့ မိုးစပါးစိုက်ပြီး တခြားသီးနှံစိုက်ပျိုးခြင်းမရှိတဲ့ဧရိယာတွေမှာ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်" ဟု စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။


ထို့ပြင် ပြည်တွင်းဆီလုံလောက်မှုအတွက် စိုက်ပျိုးမြေဧရိယာတိုးချဲ့ခြင်းကို တတ်နိုင်သမျှ သတိထားဆောင်ရွက်မည်ဖြစ်ပြီး ဆီထွက်သီးနှံဧရိယာ တိုးချဲ့ခြင်းအားဖြင့် အခြားသီးနှံများ၏ စိုက်ဧကများလျော့နည်းသွင်းခြင်းမဖြစ်စေရန်အတွက်ပါ သတိထား ဆောင်ရွက်ရန်လိုအပ်ကြောင်းလည်းသိရသည်။

အလားတူ ဝန်ကြီးဌာနအနေဖြင့် တစ်ကေထွက်ရှိသည့် သီးနှံအထွက်တိုးရန်အတွက် လိုအပ်သော နည်းလမ်း(၄)ခု (မျိုး၊ မြေ၊ ရေ၊ နည်း) တွင် တောင်သူများ လက်လှမ်းမီစေရန်၊ မျိုးကောင်း မျိုးသန့် အသုံးပြုနိုင်ရေးအတွက် တောင်သူများ ကိုယ်တိုင် ပါဝင်ဆောင်ရွက်သည့် မျိုးစေ့ထုတ်လုပ်ခြင်း၊ မျိုးထိန်းခြင်း လုပ်ငန်းများကို ဌာနကဦးဆောင်ပြီး ပုဂ္ဂလိကအဖွဲ့အစည်းများ၊ ကုမ္ပဏီများနှင့်ပူးပေါင်းဆောင်ရွက်ခြင်းများကိုပြုလုပ်ပေးလျက်ရှိကြောင်းသိရသည်။

ထို့ပြင် မြေဆီလွှာထိန်းသိမ်းရေး လုပ်ငန်းများ၊ စိုက်ပျိုးမြေ အာဟာရပြည့်ဝရေးလုပ်ငန်းများ၊ သီးနှံစိုက်ပျိုးရာတွင် တောင်သူများအနေဖြင့် ပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ အချိန်မီ ထွန်ယက်ပြီးစီးနိုင်ရန် ရေလိုအပ်ချိန်၌ ရေပေးသွင်းနိုင်ရန် ဆက်စပ်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး အစီအစဉ်မှတစ်ဆင့် ချေးငွေအစား သွင်းအားစု ပံ့ပိုးခြင်းလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိကြောင်း လည်း သိရသည်။

Source : https://npnewsmm.com/

## ၂၀၂၅ ခုနှစ် အကြိမ် (၆၀)မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အောင်မြင်စွာကျင်းပပြီးစီး အုပ်စု( အေ၊ ဘီနှင့် စီ ) တို့မှ ကျောက်စိမ်းအတွဲပေါင်း ၄၁၈၃ တွဲ ရောင်းချရ



၂၀၂၅ ခုနှစ် အကြိမ် (၆၀) မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နိုဝင်ဘာလ ၂၆ ရက်နေ့တွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်း ခန်းမ၌ ဆက်လက်ကျင်းပသည်။

ပြပွဲနဝမနေ့၌ ဖွင့်ဖောက်စစ်ဆေးထားသည့် အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲပေါင်း ၆၈၅တွဲ အနက် ကျောက်စိမ်းအတွဲပေါင်း ၆၆၁ တွဲကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချခဲ့ရကြောင်း ထုတ်ပြန်ကြေညာသည်။

ယခုကျင်းပသည့် ၂၀၂၅ ခုနှစ် အကြိမ် (၆၀) မြောက် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲအတွင်း ပုလဲအတွဲပေါင်း ၄၈၉ တွဲ အနက်မှ ပုလဲအတွဲပေါင်း ၄၄၃ တွဲ၊ ကျောက်မျက် အတွဲပေါင်း ၁၆၀ အနက်မှ ကျောက်မျက် အတွဲ ပေါင်း ၆၇ တွဲ၊ အုပ်စု (အေနှင့်ဘီ) တို့မှ ကျောက်စိမ်းအတွဲပေါင်း ၂၉၀၀ အနက်မှ ကျောက်စိမ်း အတွဲ ပေါင်း ၂၁၁၀ တွဲ၊ အုပ်စု(စီ) မှ ကျောက်စိမ်းအတွဲပေါင်း ၂၁၈၅ အနက်မှ ကျောက်စိမ်းအတွဲပေါင်း ၂၀၇၃ တွဲ ကို နေ့ရက် အလိုက် ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးနိုင် ခဲ့သည်။

၂၀၂၅ ခုနှစ် အကြိမ် (၆၀) မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နိုင်ငံတော် အတွက် နိုင်ငံခြားဝင်ငွေ ရှာဖွေပေးနိုင်ရန်၊ နိုင်ငံသားများအတွက် စီးပွားရေး အကျိုးဖြစ်ထွန်းမှုများ ရရှိနိုင်စေရန်၊ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်စေရန်အတွက် အထောက်အကူပြုနိုင်ရန် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ၏စီစဉ်မှုဖြင့် နိုဝင်ဘာလ ၁၇ ရက်မှ ၂၆ ရက်အထိ နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ကြောင်း သိရသည်။

Source :https://www.myawady.net.mm/

## ကချင်ပြည်နယ်ဒေသထွက် တည်သီးဈေးနှုန်း



ကချင်ပြည်နယ်တွင် တည်သီးအပင်များကို ဗန်းမော်ခရိုင်၊ မိုးမောက်မြို့နယ်ရှိ စိန်လုံတောင်တန်း ဒေသကျေးရွာများတွင် အများဆုံးစိုက်ပျိုးထွက်ရှိသည်။

တည်သီးတွင် ကယ်လိုရီနှင့်အဆီဓာတ်ပါဝင်မှုလျော့နည်းပြီး၊ ဂလူးကို့စ်၊ ပရိုတင်း၊ ဗီတာမင်၊ သတ္တုဓာတ်၊ ပျော်ဝင်လွယ်သော အမျှင်ဓာတ်နှင့် ဆန့်ကျင်ဓာတ်တိုးပစ္စည်းများ ကြွယ်ဝစွာပါရှိခြင်းကြောင့် ကျန်းမာရေးကိုများစွာ အထောက်အကူဖြစ်စေကြောင်းနှင့်

အိုမင်းရင့်ရော်ခြင်းကို ကာကွယ်ပေးကြောင်း သိရသည်။

တည်သီးများကို အသီးမမှည့်ခင် အရောင်ဖျော့ဖျော့အချိန်တွင် အပင်ပေါ်မှခူးဆွတ်ထားရကြောင်း သိရသည်။

ဒေသထွက်တည်သီးများသည် အောက်တိုဘာလပိုင်းမှစ၍ ဈေးကွက်ထဲသို့ဝင်ရောက်လာပြီး မြစ်ကြီးနားမြို့၏ သစ်သီးအရောင်းဆိုင်များတွင် တည်သီးတစ်လုံးလျှင် (သေး) ၈၀၀ ကျပ်၊ (ကြီး) ၁၀၀၀ ကျပ် ဈေးဖြင့် ရောင်းဝယ်လျက်ရှိကြောင်း သိရသည်။

**Source :** https://myantrade.gov.mm/

## ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ် အင်းများမှထွက်ရှိသော ငါးရံ့များကို ငါးခြောက်လုပ်၍ ဈေးကွက်အတွင်း ရောင်းချလျက်ရှိ



ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ အောက်ဟိတ်ကျေးရွာဘက်မှ ငါးရံ့ခြောက်များ ထွက်ရှိနေကြောင်း ဈေးကွက်အတွင်းက သိရသည်။

မအူပင်မြို့နယ်၊ အခွန်လွတ်ဈေးတွင် ငါးရံ့ခြောက်ကိုယ်တိုင်ပြုလုပ်ရောင်းချသူမှ လာရောက်ရောင်းချလျက်ရှိပြီး၊ ထွက်ရှိသော ငါးရံ့များမှာ အင်းအိုင်များမှ ငါးရံ့များ ဖြစ်ကြောင်း၊ ငါးရံ့ခြောက်ကို နိုဝင်ဘာလ ၁၀ ရက်နေ့မှ စတင်၍ဈေးကွက်အတွင်းရောင်းချနေကြောင်းနှင့် ငါးရံ့ခြောက် တစ်ပိဿာလျှင် အကောင်သေး ၆၀၀၀ ကျပ်၊ အကောင်လတ် တစ်ပိဿာ ၇၀၀၀ ကျပ်၊ ၈၀၀၀ ကျပ်၊ အကောင်ကြီး တစ်ပိဿာလျှင် ၁၂,၀၀၀ ကျပ်ဖြင့် ဈေးကွက်အတွင်း စတင်ရောင်းချလျက်ရှိကြောင်း သိရသည်။

ငါးရံ့များ ပိုမိုထွက်ရှိလာပါက ဈေးနှုန်းအနည်းငယ်ကျမည်ဖြစ်ကြောင်း၊ ယခင်နှစ်ဈေးအနေဖြင့်လည်း ယခု ဈေးအတိုင်းသာ ရောင်းချပါကြောင်းနှင့် ဈေးနှုန်းကြီးမြင့်လာမှုမရှိဘဲ ငါးရံ့ဈေးပေါ်မူတည်၍ ဈေးနှုန်းများ ပြောင်းလဲလာနိုင်ကြောင်း သိရသည်။

**source: https://www.doca.gov.mm**

## ခရမ်းကြွပ်သီးစိုက်ပျိုးခြင်းဖြင့် ဝင်ငွေတိုး



မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်အတွင်းရှိ တောင်သူများသည် ဧရာတ်၊ ကြက်သွန်၊ မြေပဲ စသည့်သီးနှံမျိုးစုံ စိုက်ပျိုးသည့်အပြင် ကုန်စိမ်းသီးနှံတစ်မျိုးဖြစ်သော ခရမ်းကြွပ်သီးပင်ကို ကျောက်ဆည်မြို့နယ်၊ ပေါင်လောင်ကျေးရွာတွင် စိုက်ပျိုးကြောင်း သိရသည်။

ခရမ်းကြွပ်ပင်ကို ရာသီမရွေးစိုက်ပျိုးနိုင်ကြောင်း သိရသည်။

ခရမ်းကြွပ် စိုက်ပျိုးမည်ဆိုပါက မျိုးစေ့ကိုအရင် ပျိုးထောင်ပြီး၊ ပျိုးသက် (၁)လခွဲသားအရွယ်တွင် စတင် စိုက်ပျိုးရကြောင်း၊ ၂ လ၊ ၃ လခွဲ အကျော်တွင် အသီးများစတင် ခူးဆွတ်နိုင်ပြီး တစ်ပတ်ခြား တစ်ကြိမ် ခူးဆွတ်ရကြောင်း၊ စတင်ခူးဆွတ်သည်မှ တစ်ပတ်နှင့် တစ်ပတ်အထွက်နှုန်းပိုမိုလာကြောင်း၊ (၁)ဧက အထွက်နှုန်းအနေဖြင့် စတင်ခူးဆွတ်ချိန် တွင် ပိဿာ ၂၀-၃၀ ခန့် ထွက်ရှိပြီး အထွက်နှုန်း အများဆုံး အချိန်တွင် ပိဿာ (၁၅၀)ခန့် အထိ ထွက်ရှိကြောင်း၊ သက်တမ်းအနေဖြင့် (၂)လခန့်အထိ ခူးဆွတ်နိုင်ကြောင်း၊ တစ်ဧကကုန်ကျစရိတ် လုပ်သားခ၊ မျိုး၊ သွင်းအားစု၊ မြေဆီ၊ ပိုးသတ်ဆေး စုစုပေါင်းကုန်ကျစရိတ် ၉၀၀,၀၀၀ မှ ၁,၀၀၀,၀၀၀ ကျပ်ခန့်ကုန်ကျကြောင်း၊ ခရမ်းကြွပ်သီး ဖောက်သည်ဈေးအနေဖြင့် တစ်ပိဿာလျှင် ၁၇၀၀ ကျပ်၊

လက်လီဈေးအနေဖြင့် တစ်ပိသာလျှင် ၂၀၀၀ ကျပ် ဈေးနှုန်းများဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း၊ တစ်ဧကအကျိုးအမြတ် အနေဖြင့် ၁,၀၀၀,၀၀၀ ကျပ် အမြတ်ရရှိကြောင်း၊ ကုန်စိမ်းပွဲစားများမှ စိုက်ခင်းအထိလာရောက်ဝယ်ယူပြီး ကျောက်ဆည်၊ စဉ့်ကိုင်နှင့်မန္တလေးမြို့များသို့ တင်ပို့ရောင်းချကြောင်းသိရသည်။

**Source : DOCA**(မန္တလေး)

## (၁၆)ကြိမ်မြောက် အဘူဒါဘီ – စင်ကာပူ ပူးတွဲဖိုရမ်တွင် နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မာစေရေး ကတိကဝတ်ပြု

(၁၆) ကြိမ်မြောက် အဘူဒါဘီ – စင်ကာပူပူးတွဲဖိုရမ်(16th Abu Dhabi–Singapore Joint Forum –ADSJF)ကို ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့တွင် အဘူဒါဘီမြို့၌ ကျင်းပခဲ့သည်။ အဆိုပါဖိုရမ်တွင် စင်ကာပူနိုင်ငံ၊ စွမ်းအင်၊ သိပ္ပံနှင့် နည်းပညာဆိုင်ရာဝန်ကြီး Dr. Tan See Leng နှင့် Executive Affairs Authority(EAA)၏ဥက္ကဋ္ဌ H.E. Khaldoon Khalifa Al Mubarak တို့က ပူးတွဲဥက္ကဋ္ဌများအဖြစ် ဆောင်ရွက်ခဲ့သည်။

ဖိုရမ်တွင် ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလတွင် ကျင်းပပြုလုပ်ခဲ့သည့် (၁၅)ကြိမ်မြောက် အဘူဒါဘီ – စင်ကာပူပူးတွဲဖိုရမ်မှ ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၏ တိုးတက်မှုအခြေအနေများ၊ Artificial Intelligence (AI)၊ စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်မှု၊ စဉ်ဆက်မပြတ်ရေရရှိမှု၊ ဒီဂျစ်တယ်စီးပွားရေးနှင့် အာကာသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ဝန်ကြီး Dr.Tan See Leng က “စင်ကာပူနိုင်ငံနှင့် ယူအေအီးတို့သည် စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်လျက်ရှိကြောင်း၊ ယူအေအီးတွင် စင်ကာပူကုမ္ပဏီအများအပြား ဖွံ့စည်းတည်ထောင်၍ လုပ်ငန်းဆောင်ရွက်လျက်ရှိသည်ကို သိရှိရသည့်အတွက် ဝမ်းသာကြောင်း၊ အစိုးရပိုင်းအဆင့်တွင် စွမ်းအင်နှင့်ဇီဝဆိုင်ရာကိစ္စရပ်များ၌ ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးလျက်ရှိကြောင်း၊ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုကို ခိုင်မာစေမည်ဖြစ်ကြောင်း” ပြောကြားခဲ့သည်။

H.E. Khaldoon Khalifa Al Mubarak က “ADSJF သည် ယူအေအီးနှင့် စင်ကာပူနိုင်ငံအကြား အပြန်အလှန်အကျိုးရှိမည့် နယ်ပယ်များကို ရှာဖွေရန်၊ ပူးပေါင်းဆောင်ရွက်မှုကို ခိုင်မာစေရန်အတွက် စကြံတစ်ခုဖြစ်ကြောင်း၊ ၂၀၂၅ ခုနှစ်က ကျင်းပခဲ့သည့် (၁၅)ကြိမ်မြောက်ဖိုရမ်တွင် ဆွေးနွေးခဲ့သည့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းစဉ်များအတွက် အခွင့်အလမ်းများမှာ နှစ်နိုင်ငံအကြား ကာလကြာရှည်ဆက်ဆံရေးကို တည်ဆောက်နိုင်မည်ဖြစ်ပြီး နယ်ပယ်ကဏ္ဍများတွင် တီထွင်ဆန်းသစ်မှုနှင့် အသိပညာ ဖလှယ်မှုကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း” ပြောကြားခဲ့သည်။

လျှပ်စစ်ဓာတ်အားအပြန်အလှန်ချိတ်ဆက်မှုနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်ရန်၊ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများရှာဖွေရန်ရည်ရွယ်သည့်နားလည်မှုစာချွန်လွှာကို Singapore Energy Interconnections (SGEI) နှင့် TAQA Transmission တို့က ဝန်ကြီး Dr. Tan See Leng နှင့် H.E. Khaldoon Khalifa Al Mubarak ရှေ့မှောက်တွင် လက်မှတ်ရေးထိုးခဲ့သည်။

ဝန်ကြီး Dr. Tan See Leng က ဒူဘိုင်းမြို့တွင် နိုဝင်ဘာလ ၁၉ ရက်နေ့က ပြုလုပ်ခဲ့သည့် Singapore Enterprise Center ဖွင့်လှစ်ပွဲသို့လည်း တက်ရောက်ခဲ့သည်။

စင်ကာပူနိုင်ငံသည် အရှေ့အလယ်ပိုင်းဒေသရှိ စီးပွားရေးအင်အားကြီးနိုင်ငံဖြစ်သော ယူအေအီးနှင့် ပူးပေါင်းဆောင်ရွက်မှု စကြံ ကို ပိုမိုခိုင်မာစေရေးကြိုးစားဆောင်ရွက်ခြင်းဖြစ်သည်။

**Source: Ministry of Trade and Industry**

**သွယ်သွယ်ဆုတင်၊ စီးပွားရေးသံမှူး၊ စင်ကာပူမြို့**

## ဖိလစ်ပိုင်ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာန၏ အွန်လိုင်းစနစ်ဖြင့် ခွင့်ပြုမိန့်များပေးသည့်လုပ်ငန်းစဉ် ၉ ရာခိုင်နှုန်းမြင့်တက်

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလမှ စက်တင်ဘာလအထိ အွန်လိုင်းမှတစ်ဆင့် ပို့ကုန်/သွင်းကုန် လိုင်စင်ခွင့်ပြုမိန့်များချပေးမှုလုပ်ငန်းစဉ်သည် ၂၀၂၄ ခုနှစ်၊ အလားတူကာလနှင့်နှိုင်းယှဉ်ပါက ၉ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း ဖိလစ်ပိုင်ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာနမှ ပြောကြားခဲ့သည်။

၂၀၂၅ ခုနှစ်၊ဇန်နဝါရီလမှ စက်တင်ဘာလအထိ Integrated Registration Information System(IRegIS)မှတစ်ဆင့် လိုင်စင်ထုတ်ပေးခဲ့မှု ၃၉,၉၉၇ ရှိခဲ့ကြောင်း၊ ယခုဆိုလျှင် အဆိုပါ IRegIS စနစ်အား နိုင်ငံတစ်ဝှန်းလုံးတွင် အပြည့်အဝရာနှုန်းပြည့်အသုံးပြုနိုင်ပြီဖြစ်သဖြင့် လုပ်ငန်းဆောင်ရွက်မှုများ ပိုမိုလွယ်ကူမြန်ဆန်စေပါကြောင်း ဖော်ပြပါရှိသည်။

IRegIS စနစ်ကို အချိန်နှင့်တပြေးညီ လိုင်စင်ခွင့်ပြုမိန့်များချပေးနိုင်ရန် အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်မှု လွယ်ကူအဆင်ပြေချောမွေ့စေရေး(Ease of Doing Business) ၏အစိတ်အပိုင်းတစ်ခုလည်းဖြစ်သည်။

စားသုံးသူအကာအကွယ်ပေးရေးကို တိုးမြှင့်ဆောင်ရွက်ပေးနိုင်စေရန် ဆောင်ရွက်ပေးခြင်းတစ်မျိုးလည်းဖြစ်ပြီး ၂၀၂၅ ခုနှစ်၊ ၉ လတာကာလအတွင်း စားသုံးသူများ၏တိုင်ကြားချက်ပေါင်း ၃၃,၇၂၅ ခုအတွက်လည်း ဖြေရှင်းပေးခဲ့သည်။

e-commerce ဆက်လက်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အွန်လိုင်းမှရောင်းချသည့် ကုန်ပစ္စည်းပေါင်း ၂၀၄,၂၅၅ ခုကို စစ်ဆေးမှုများပြုလုပ်ပေးနိုင်ခဲ့ပြီး စားသုံးသူများအနေဖြင့် ကုန်ပစ္စည်းအတုများ၊ အရည်အသွေးမပြည့်မီသည့် ကုန်ပစ္စည်းများဝယ်ယူမိမည့်အခြေအနေမှ အကာအကွယ်ပေးနိုင်စေရန်အတွက် လည်းဖြစ်သည်။

စံချိန်စံညွှန်းနှင့်ကိုက်ညီမှုမရှိသည့် ကုန်ပစ္စည်းအမျိုးပေါင်း ၅၄၁,၂၃၅ ခုကိုလည်း နိုင်ငံတော်ဘဏ္ဍာအဖြစ်သိမ်းဆည်းခဲ့ပြီး ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလကုန်အထိ ပီဆို ၁၃၀ ဒသမ၈ သန်း(အမေရိကန်ဒေါ်လာ ၂ ဒသမ ၂ သန်းခန့်)ဖြစ်ပါကြောင်း၊ ၂၀၂၄ ခုနှစ်နှင့်နှိုင်းယှဉ်မည်ဆိုပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့သည့် ပမာဏသည် ၆၂ ရာခိုင်နှုန်းထိ ကျဆင်းသဖြင့် စက်မှုလုပ်ငန်းရှင်များနှင့် လက်လီရောင်းချနေသူများသည် သာတူညီမျှသောကုန်သွယ်မှုများဖြစ်စေရန် လိုက်နာဆောင်ရွက်မှု အားကောင်းလာကြောင်း ဖိလစ်ပိုင်ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန၏ အစီရင်ခံစာတွင်ဖော်ပြထားသည်ဟု ဖော်ပြပါရှိသည်။

ထို့ပြင် ဈေးကွက်စောင့်ကြည့်မှုလုပ်ငန်းစဉ်ပေါင်း ၇,၅၅၈ ကိုလည်း ဆောင်ရွက်နိုင်ခဲ့ပြီး ၂၀၂၄ ခုနှစ်နှင့်နှိုင်းယှဉ်မည်ဆိုပါက ၃၁ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း ဖော်ပြပါရှိသည်။

**Source:** https://www.philstar.com/business/2025/11/23/2489129/dti-online-system-boosts-permit-processing-

**(ကေသွယ်ခိုင်၊ စီးပွားရေးသံမှူး၊ မနီလာမြို့)**

## STOCK EXCHANGE (27.11.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

**Stock trading data**

As of 27th Nov. 2025

Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,109 (Shares) | 14,032,150 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,500 | -100 | -1.16% | 8,600 | 8,600 | 8,500 | 652 | 5,595,600 | 33,109,694 | 281,432 |
| MTSH | 00002 | 3,600 | +0 | +0.00% | 3,600 | 3,600 | 3,550 | 132 | 475,150 | 38,929,150 | 140,145 |
| MCB | 00003 | 7,600 | +0 | +0.00% | 7,700 | 7,700 | 7,600 | 22 | 167,400 | 10,400,986 | 79,048 |
| FPB | 00004 | 2,100 | -50 | -2.33% | 2,100 | 2,100 | 2,100 | 1,219 | 2,559,900 | 29,664,613 | 62,296 |
| TMH | 00005 | 2,950 | +0 | +0.00% | 2,950 | 2,950 | 2,950 | 24 | 70,800 | 12,823,224 | 37,829 |
| EFR | 00006 | 1,650 | -50 | -2.94% | 1,700 | 1,700 | 1,650 | 862 | 1,423,100 | 19,977,223 | 32,962 |
| AMATA | 00007 | 3,600 | +0 | +0.00% | 3,600 | 3,600 | 3,600 | 0 | 0 | 10,497,598 | 37,791 |
| MAEX | 00008 | 3,150 | +50 | +1.61% | 3,150 | 3,150 | 3,100 | 1,198 | 3,740,200 | 23,804,946 | 74,986 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 27th Nov. 2025

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,109 (Shares) | 14,032,150 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,500 | -100 | -1.16% | 8,600 | 8,600 | 8,500 | 652 | 5,595,600 | 33,109,694 | 281,432 |
| MTSH | 00002 | 3,600 | +0 | +0.00% | 3,600 | 3,600 | 3,550 | 132 | 475,150 | 38,929,150 | 140,145 |
| MCB | 00003 | 7,600 | +0 | +0.00% | 7,700 | 7,700 | 7,600 | 22 | 167,400 | 10,400,986 | 79,048 |
| FPB | 00004 | 2,100 | -50 | -2.33% | 2,100 | 2,100 | 2,100 | 1,219 | 2,559,900 | 29,664,613 | 62,296 |
| TMH | 00005 | 2,950 | +0 | +0.00% | 2,950 | 2,950 | 2,950 | 24 | 70,800 | 12,823,224 | 37,829 |
| EFR | 00006 | 1,650 | -50 | -2.94% | 1,700 | 1,700 | 1,650 | 862 | 1,423,100 | 19,977,223 | 32,962 |
| AMATA | 00007 | 3,600 | +0 | +0.00% | 3,600 | 3,600 | 3,600 | 0 | 0 | 10,497,598 | 37,791 |
| MAEX | 00008 | 3,150 | +50 | +1.61% | 3,150 | 3,150 | 3,100 | 1,198 | 3,740,200 | 23,804,946 | 74,986 |

## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 27th Nov. 2025

| Trading Volume | Trading Value |
|---|---|
| 4,151 (Shares) | 14,141,350 (MMK) |

### Main Board

As of 1:00 pm, 27th Nov. 2025

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,109 (Shares) | 14,032,150 (MMK) |

| MYANPIX | 395.77 ▼ 2.44 |
|---|---|
| Total Volume (shares) | 4,109 |
| Total Value (MMK) | 14 mil |
| Listed Company | 8 |
| Market Cap. (MMK) | 746,489 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,500 | ▼ 100 |
| MTSH | 00002 | 3,600 | ▲ 0 |
| MCB | 00003 | 7,600 | ▲ 0 |
| FPB | 00004 | 2,100 | ▼ 50 |
| TMH | 00005 | 2,950 | ▲ 0 |
| EFR | 00006 | 1,650 | ▼ 50 |
| AMATA | 00007 | 3,600 | ▲ 0 |
| MAEX | 00008 | 3,150 | ▲ 50 |